ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

ညွှန်ကြားချက်အမှတ်( ၂ /၂၀၂၄)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

## ကြွေးမြီပေးဆပ်နိုင်စွမ်း ညွှန်ကြားချက်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ၁၉၉၆ ခုနှစ် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ ပုဒ်မ ၃၈ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၁၉၉၇ ခုနှစ် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် နည်းဥပဒေ ၁၀ (က) နှင့်အညီ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဆန်းစစ်နိုင်ရန်အတွက် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### သက်ဆိုင်ခြင်း

၁။ ဤညွှန်ကြားချက်သည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအရ အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့က လိုင်စင်ပေးအပ်ထားသည့် အာမခံလုပ်ငန်းလုပ်ကိုင်သူများနှင့် သက်ဆိုင်စေရမည်။

### ရည်ရွယ်ချက်

၂။ ဤညွှန်ကြားချက်သည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနမှ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဘဏ္ဍာရေးခိုင်မာမှုရှိစေရန်အတွက် လုပ်ငန်းစဉ်များ ချမှတ်ရန်နှင့် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဆုံးရှုံးနိုင်ခြေပမာဏနှင့် ဆုံးရှုံးနိုင်ခြေရှိမှုများကို တွက်ချက်ခြင်းအတွက် စည်းမျဉ်းကို ချမှတ်ရန် ရည်ရွယ်သည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၃။ ဤညွှန်ကြားချက်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **မတည်ငွေရင်း လုံလောက်မှုအချိုး** (Capital Adequacy Ratio - CAR) ဆိုသည်မှာ အာမခံလျော်ကြေးနှင့် အကျိုးခံစားခွင့်များပေးချေရန်အတွက် အာမခံလုပ်ငန်း လုပ်ကိုင်သူ၏ ငွေရေးကြေးရေး ပမာဏလုံလောက်မှုနှင့် ဘဏ္ဍာရေးတောင့်တင်း ခိုင်မာမှုတို့ကို အကဲဖြတ်ရန်အတွက် ရည်ရွယ်သည့် ညွှန်းကိန်းကို ဆိုသည်။

(ခ) **စုစုပေါင်း သုံးစွဲနိုင်သော မတည်ငွေရင်း** (Total Capital Available-TCA) ဆိုသည်မှာ အနည်းဆုံးလိုအပ်သည့် မတည်ငွေရင်းသတ်မှတ်ချက်ပမာဏထက်ပိုမိုသုံးစွဲနိုင်သည့် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ စုစုပေါင်း မတည်ငွေရင်းပမာဏကို ဆိုသည်။

(ဂ) **အနည်းဆုံး လိုအပ်သည့် မတည်ငွေရင်း** (Minimum Required Capital-MRC) ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဖြစ်နိုင်ခြေရှိသော ဆုံးရှုံးနိုင်မှုအခြေအနေနှင့် ညီမျှသော စုစုပေါင်း မတည်ငွေရင်းပမာဏကို ဆိုသည်။

**ကြွေးမြီဆပ်နိုင်စွမ်းအနိမ့်ဆုံးသတ်မှတ်ချက်အချိုး (Solvency Margin Ratio)**

၄။ မတည်ငွေရင်း လုံလောက်မှုအချိုးကို စုစုပေါင်း သုံးစွဲနိုင်သော မတည်ငွေရင်းအား အနည်းဆုံး လိုအပ်သည့် မတည်ငွေရင်းနှင့် စားခြင်းဖြင့် တွက်ချက်ရမည်။

၅။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ၎င်း၏ ဘဏ္ဍာရေးတောင့်တင်းခိုင်မာမှုကို ထိန်းသိမ်းရန်အတွက် မတည်ငွေရင်း လုံလောက်မှုအချိုးကို ၁၅၀ ရာခိုင်နှုန်း သို့မဟုတ် ၎င်းထက်ပိုမိုထားရှိရမည်။

၆။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ဘဏ္ဍာရေးနှစ်အဆုံး၌ အာမခံလုပ်ငန်း လုပ်ကိုင်သူမှ တင်ပြလာသည့် ငွေရေးကြေးရေးအခြေအနေအပေါ်အခြေခံ၍ ၎င်း၏ မတည်ငွေရင်း လုံလောက်မှု အချိုးသည် ၁၅၀ ရာခိုင်နှုန်း သို့မဟုတ် ၎င်းထက် ပိုမိုမှု ရှိ မရှိ စိစစ်ရမည်။

၇။ အာမခံလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် ၎င်း၏ မတည်ငွေရင်း လုံလောက်မှုအချိုးသည် ၁၅၀ ရာခိုင်နှုန်း အောက်ရောက်ရှိကြောင်း စိစစ်တွေ့ရှိသည့် နေ့ရက်မှစတင်၍ ရုံးဖွင့်ရက် ၅ ရက်အတွင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။ ထို့အပြင် ၎င်း၏ မတည်ငွေရင်း လုံလောက်မှုအချိုးသည် ၁၂ လ ထက် မကျော်လွန်စေသည့် သတ်မှတ်ထားသောကာလအတွင်း အနည်းဆုံး ၁၅၀ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်မည့် ဘဏ္ဍာရေးအစီအစဉ်ကို တစ်လ အတွင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်။

၈။ အာမခံလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် ၎င်း၏ မတည်ငွေရင်း လုံလောက်မှုအချိုးသည် ၁၀၀ ရာခိုင်နှုန်း အောက်ရောက်ရှိကြောင်း စိစစ်တွေ့ရှိသည့် နေ့ရက်မှစတင်၍ ရုံးဖွင့်ရက် ၂ ရက်အတွင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အကြောင်းကြားရမည်။ ထို့အပြင် ၎င်း၏ မတည်ငွေရင်း လုံလောက်မှုအချိုးသည် ၆ လ ထက် မကျော်လွန်စေသည့် သတ်မှတ်ထားသောကာလအတွင်း အနည်းဆုံး ၁၀၀ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်မည့် ဘဏ္ဍာရေးအစီအစဉ်ကို ရုံးဖွင့်ရက် ၁၅ ရက်အတွင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်။ ထိုအစီအစဉ်တွင် ရှယ်ယာရှင်များ သို့မဟုတ် အာမခံထားသူအတွက် အမြတ်ဝေစုကန့်သတ်ချက်များ၊

လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များ လျှော့ချခြင်းနှင့် အချို့ရရန်ပိုင်ခွင့်များတွင် ရင်းနှီးမြှုပ်နှံခြင်းအား တားမြစ်ခြင်း အပါအဝင် အချိန်တိုအတွင်း မတည်ငွေရင်းလုံလောက်မှုအချိုး ပြန်လည်ကောင်းမွန်လာစေရန် ထိရောက်သော အစီအမံများ ပါဝင်ရမည်။

၉။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် မတည်ငွေရင်း လုံလောက်မှုအချိုး ၁၅၀ ရာခိုင်နှုန်း သို့မဟုတ် ၁၀၀ ရာခိုင်နှုန်း အောက်ရောက်ရှိနေစဉ် ကုမ္ပဏီတွင်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ် သို့မဟုတ် အခြားနည်းလမ်းများကြောင့် မတည်ငွေရင်း လုံလောက်မှုအချိုး တိုးတက်မှုနောက်ဆုံး အခြေအနေကို ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာနသို့ ချက်ချင်း သတင်းပို့တင်ပြရမည်။

၁၀။ ဘဏ္ဍာရေးပြန်လည်ကောင်းမွန်လာစေရေး အစီအစဉ်သည် အပိုဒ် ၇ နှင့် ၈ တွင် ချမှတ်ထားသော သတ်မှတ်ကာလအတွင်း လုံလောက်စွာအကျိုးသက်ရောက်မှု မရှိကြောင်း ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဌာနမှ စိစစ်တွေ့ရှိသည့်အခါ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ၎င်း၏ဘဏ္ဍာရေး ပြန်လည် ကောင်းမွန်လာစေရေးအစီအစဉ်ကို ပြင်ဆင် တင်ပြရမည်။

၁၁။ မတည်ငွေရင်း လုံလောက်မှုအချိုးသည် ၆ လ ထက်မကျော်လွန်သော သတ်မှတ်ကာလ အတွင်း အနည်းဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ပြန်လည်ရောက်ရှိလာခြင်းမရှိလျှင် အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့သည် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းလည်ပတ်မှု တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို ရပ်ဆိုင်းသည့်အမိန့် ထုတ်ပြန်ရမည်။

၁၂။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ မတည်ငွေရင်း လုံလောက်မှုအချိုး ပြည့်မီနိုင်မှုမရှိသေးခြင်း၊ ဘဏ္ဍာရေးခိုင်မာမှုပြန်လည် ကောင်းမွန်လာစေရန် လိုအပ်မှုရှိနေသေးခြင်း၊ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု အရည်အသွေးလိုအပ် နေသေးခြင်းနှင့် အခြားသက်ဆိုင်သည့် အကြောင်းအရင်းများကို ထည့်သွင်းစဉ်းစား၍ မတည်ငွေရင်း လုံလောက်မှုအချိုးကို ပြန်လည်ကောင်းမွန်လာစေရန် အပိုဒ် ၇ နှင့် ၈ တွင် ချမှတ်ထားသော သတ်မှတ်ကာလထက် ပိုမိုခွင့်ပြုနိုင်သည်။

၁၃။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် ၎င်း၏မတည်ငွေရင်းလုံလောက်မှုအချိုး တွက်ချက်ပြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်ထားသော ပုံစံဖြင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တင်ပြရမည်။ အာမခံလုပ်ငန်းလုပ်ကိုင်သူသည် မတည်ငွေရင်း လုံလောက်မှုအချိုး (CAR) တင်ပြရာတွင် ရှောင်လွှဲ၍ မရနိုင်သော အခြေအနေများကြောင့် ဖြစ်ပေါ်လာသော ကြန့်ကြာမှုများကို ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနထံ ကြိုတင် အကြောင်းကြားရမည်။

**အနိမ့်ဆုံးသတ်မှတ်ချက်ပမာဏကို တွက်ချက်ခြင်း (Calculation Margin Amount)**

၁၄။ စုစုပေါင်းသုံးစွဲနိုင်သော မတည်ငွေရင်း (TCA) သည် မတည်ငွေရင်းအဖြစ် သတ်မှတ်ထားသည့် ပမာဏ (Capital) မှ နုတ်ယူခြင်းအဖြစ် သတ်မှတ်ထားသည့် ပမာဏ (Deductions) အား နုတ်ခြင်းဖြင့် ရရှိလာသည့် ပမာဏဖြစ်သည်။

၁၅။ မတည်ငွေရင်းအဖြစ် သတ်မှတ်ထားသည့် ပမာဏသည် လက်ကျန်ရှင်းတမ်း၏ အသားတင် ရရန်ပိုင်ခွင့်များ (net assets) တွင် စာရင်းတင်ထားသော အောက်ဖော်ပြပါ အမျိုးအစားများ၏ စုစုပေါင်းတန်ဖိုးနှင့်ညီမျှသည့် ပမာဏဖြစ်သည်။ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသော ကြွေးမြီ (subordinated debt) ပမာဏကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ မတည်ငွေရင်းအဖြစ် ခွင့်ပြုပါက မတည်ငွေရင်းအဖြစ် သတ်မှတ်နိုင်သည်။ မတည်ငွေရင်းအပြင် သတ်မှတ်ရမည့် ဦးစားပေး အဆင့်တွင်မရှိသော ကြွေးမြီပမာဏသည် ထုတ်ပေးသည့်နေ့မှ ပြန်ဆပ်ရမည့်နေ့အထိ(၅)နှစ်အထက် သက်တမ်းရှိသော ပမာဏဖြစ်ရမည်။ ဦးစားပေးအဆင့်တွင်မရှိသော ကြွေးမြီပမာဏသည် အောက်ဖော် ပြပါ အမျိုးအစား စုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းအထက် ကျော်လွန်ခြင်း မရှိစေရ -

(က) ထုတ်ဝေခြင်းနှင့် ထည့်ဝင်ပြီး မတည်ငွေရင်း၊

(ခ) အသက်အာမခံရန်ပုံငွေ၊

(ဂ) အထွေထွေအာမခံရန်ပုံငွေ

(ဃ) အထွေထွေသီးသန့်ရန်ပုံငွေ၊

(င) အခြားရန်ပုံငွေများ၊

(စ) ထိန်းသိမ်းထားသည့် ငွေများနှင့်

(ဆ) ပြန်လည်တန်ဖိုးဖြတ်ထားသည့် ရန်ပုံငွေများ။

၁၆။ နုတ်ယူခြင်းအဖြစ် သတ်မှတ်ထားသည့် ပမာဏသည် လက်ကျန်ရှင်းတမ်း၏ ရရန်ပိုင်ခွင့်များ (assets) တွင် စာရင်းတင်ထားသော အောက်ဖော်ပြပါ အမျိုးအစားများ၏ စုစုပေါင်း တန်ဖိုးငွေနှင့် ညီမျှသည့် ပမာဏဖြစ်သည်-

(က) ရက်ပေါင်း ၉၀ ထက်ကျော်လွန်နေသော ရရန်ရှိများ၊

(ခ) မြေနှင့်အဆောက်အဦများမှလွဲ၍ ပုံသေရရန်ပိုင်ခွင့်များ၊

(ဂ) ပြန်လည်ထုတ်ယူ၍မရသော ကြိုတင်ပေးထားသည့် အသုံးစရိတ်များနှင့် ကြိုတင် ငွေများ၊

(ဃ) နာမည်ကောင်းနှင့် အခြားထိတွေ့၍ မရသော ရရန်ပိုင်ခွင့်များ၊

(င) ရွှေဆိုင်းထားသော အခွန်များ၊

(စ) အခြားရရန်ပိုင်ခွင့်များ၏ ၅၀ ရာခိုင်နှုန်း (ဤညွှန်ကြားချက် အပိုဒ် ၁၃ အရ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်ထားသော ပုံစံတွင် ဖော်ပြထားသည့် စုစုပေါင်းရရန်ပိုင်ခွင့်များ) နှင့်

(ဆ) အခြားအာမခံလုပ်ငန်းလုပ်ကိုင်သူများ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသော ကြွေးမြီ (subordinated debt) နှင့် ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံမှုများ၊

၁၇။ အနည်းဆုံးလိုအပ်သည့် မတည်ငွေရင်းသည် အပိုဒ် ၁၈ အရ တွက်ချက်ထားသည့် ဆုံးရှုံးနိုင်ခြေရှိမှုကို အခြေခံ၍ အနည်းဆုံးမတည်ငွေရင်းအဖြစ် သတ်မှတ်ထားသောပမာဏ ဖြစ်သည်။

**ဆုံးရှုံးနိုင်ခြေရှိသောပမာဏ တွက်ချက်ခြင်း**

၁၈။ ဆုံးရှုံးနိုင်ခြေရှိမှုကို အခြေခံထားသည့် အနည်းဆုံးမတည်ငွေရင်းဆိုသည်မှာ အောက်ပါအတိုင်း တွက်ချက်ထားသော ပမာဏဖြစ်သည်-

ဆုံးရှုံးနိုင်ခြေရှိမှုကို အခြေခံထားသည့် အနည်းဆုံးမတည်ငွေရင်း = $\sqrt{(R1)^2 + (R2)^2 + (R3)^2} + R4$

ရှင်းလင်းချက်။

- **မတည်ရင်းနှီးငွေတွင် ကျခံရမည့် အာမခံဆုံးရှုံးနိုင်ခြေရှိမှု** (R1) သည် အာမခံဆိုင်ရာဆုံးရှုံးနိုင်ခြေရှိမှုနှင့်ညီမျှသော စုစုပေါင်းပမာဏဖြစ်သည်။ အာမခံဆိုင်ရာဆုံးရှုံးနိုင်ခြေရှိမှုဆိုသည်မှာ သေဆုံးမှုနှုန်းနှင့် ရောဂါဖြစ်ပွားမှုနှုန်းစသည်တို့ကဲ့သို့သော အမှန်တစ်ကယ် မတော်တဆဖြစ်ပွားမှုနှုန်းတို့သည် မျှော်မှန်းထားသည်ထက် ကျော်လွန်ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုအလားအလာကို ဆိုသည်။
- **မတည်ရင်းနှီးငွေတွင် ကျခံရမည့် ဈေးကွက်ဆုံးရှုံးနိုင်ခြေရှိမှု** (R2) သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုနှင့် ညီမျှသော စုစုပေါင်းပမာဏ ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်သူ လက်ဝယ်ထားရှိသည့် ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှု ရရန်ပိုင်ခွင့်များ၏ ဈေးနှုန်းသည် မျှော်မှန်းထားသည်ထက်ကျော်လွန်၍ အတက်အကျဖြစ်ပေါ်စေသည့် ဆုံးရှုံးနိုင်ခြေရှိမှုစသည်ဖြင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းမှ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်သည့် အလားအလာကို ဆိုသည်။

- **မတည်ရင်းနှီးငွေတွင် ကျခံရမည့် ဈေးငွေဆုံးရှုံးနိုင်ခြေရှိမှု** (R3) သည် ဈေးငွေဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုနှင့်ညီမျှသော စုစုပေါင်းပမာဏ ဖြစ်သည်။ ဈေးငွေဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုဆိုသည်မှာ အခြားအဖွဲ့အစည်းမှ ပျက်ကွက်မှု သို့မဟုတ် အာမခံလုပ်ငန်းလုပ်ကိုင်သူ လက်ဝယ်ထားရှိသည့် ငွေချေးသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ အခြားအကြောင်းအရာများ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှု ရရန်ပိုင်ခွင့်များမှ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်သည့် အလားအလာကို ဆိုသည်။
- **မတည်ရင်းနှီးငွေတွင် ကျခံရမည့် လုပ်ငန်းလည်ပတ်မှု ဆုံးရှုံးနိုင်ခြေရှိမှု** (R4) သည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုနှင့်ညီမျှသော စုစုပေါင်းပမာဏဖြစ်သည်။ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှု ဆိုသည်မှာ အာမခံဆိုင်ရာဆုံးရှုံးနိုင်ခြေရှိမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှု သို့မဟုတ် ဈေးငွေဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှု အမျိုးအစားတို့မှအပ မျှော်မှန်းထားသော အကြောင်းအရာများထက် ကျော်လွန်သည့် လုပ်ငန်းလည်ပတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်သည့် အလားအလာကို ဆိုသည်။

၁၉။ အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူများအတွက် မတည်ရင်းနှီးငွေတွင် ကျခံရမည့် အာမခံဆုံးရှုံးနိုင်ခြေရှိမှုပမာဏ (R1) ဆိုသည်မှာ အောက်ဖော်ပြပါဇယားတွင် သတ်မှတ်ဖော်ပြထားသော အာမခံအမျိုးအစားတစ်ခုချင်းစီအတွက် ဖော်ထုတ်ထားသည့် ဆုံးရှုံးနိုင်ခြေတစ်ခုစီ၏ ပမာဏကို သက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေညွှန်းကိန်းနှင့်မြှောက်၍ တွက်ချက်ထားသော စုစုပေါင်း ပမာဏကို ဆိုသည်။

| **အာမခံအမျိုးအစား** | **ဆုံးရှုံးနိုင်ခြေ ဖော်ထုတ်မှု** | **ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်း** |
|---|---|---|
| နှစ်ပြည့်အသက်အာမခံ | စုစုပေါင်း ဆုံးရှုံးနိုင်ခြေရှိမှု | ၀.၀၅% |
| နှစ်တိုအသက်အာမခံ | စုစုပေါင်း ဆုံးရှုံးနိုင်ခြေရှိမှု | ၀.၀၅% |
| တစ်သက်တာအသက်အာမခံ | စုစုပေါင်း ဆုံးရှုံးနိုင်ခြေရှိမှု | ၀.၀၅% |

| | | |
|---|---|---|
| ဖျားနာခြင်း၊ ကျန်းမာရေးနှင့် ဆေးကုသမှု အာမခံ၊ | စုစုပေါင်း ဆုံးရှုံးနိုင်ခြေရှိမှု | ၀.၀၅% |
| ကိုယ်အင်္ဂါထိခိုက်မှုအာမခံ | စုစုပေါင်း ဆုံးရှုံးနိုင်ခြေရှိမှု | ၀.၀၅% |
| ခရီးသွားအာမခံ | စုစုပေါင်း ဆုံးရှုံးနိုင်ခြေရှိမှု | ၀.၀၅% |
| စုပေါင်းအသက်အာမခံ | စုစုပေါင်း ဆုံးရှုံးနိုင်ခြေရှိမှု | ၀.၀၅% |
| အာမခံရှိသောရင်းနှီးမြှုပ်နှံမှုနှင့် ချိတ်ဆက်နေသည့် စီးပွားရေးလုပ်ငန်း | အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ(actuarial provisions) | ၂.၀% |
| အာမခံမရှိသော ချိတ်ဆက်နေသည့် စီးပွားရေးလုပ်ငန်း | အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ(actuarial provisions) | ၁.၀% |
| နှစ်စဉ်ချက်ချင်းထုတ်ယူနိုင်သည့် အသက်အာမခံ | အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ(actuarial provisions) | ၀.၅% |
| ရွှေ့ဆိုင်းပြီး နှစ်စဉ်အရစ်ကျ ထုတ်ယူသည့် အသက်အာမခံ (အာမခံမရှိ) | အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ(actuarial provisions) | ၁.၀% |
| ရွှေ့ဆိုင်းပြီး နှစ်စဉ်အရစ်ကျ ထုတ်ယူသည့် အသက်အာမခံ (အာမခံရှိ) | အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ(actuarial provisions) | ၂.၀% |
| အာမခံထားရှိသူအား အမြတ်ဝေစုခွဲဝေပေးသည့် အသက်အာမခံ | အာမခံသင်္ချာနည်းဖြင့် တွက်ချက်လျာထားချက်များ(actuarial provisions) | ၂.၀% |

| | | |
|---|---|---|
| အခြား | စုစုပေါင်း ဆုံးရှုံးနိုင်ခြေရှိမှု + အာမခံသင်္ချာနည်းဖြင့် တွက်ချက် လျာထားချက်များ (actuarial provisions) | ၀.၀၅% |

၂၀။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူအတွက် မတည်ရင်းနှီးငွေတွင် ကျခံရမည့် အာမခံဆိုင်ရာဆုံးရှုံးနိုင်ခြေရှိမှုပမာဏ (R1) သည် လျော်ကြေးလျာထားငွေနှင့် ပရီမီယံလျာထားငွေအပေါ် အခြေခံ၍ တွက်ချက်ထားသော စုစုပေါင်းပမာဏဖြစ်သည်။

၂၁။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူအတွက် လျော်ကြေးလျာထားငွေကို အခြေခံပြီး မတည်ရင်းနှီးငွေတွင် ကျခံရမည့် အာမခံဆိုင်ရာဆုံးရှုံးနိုင်ခြေရှိမှုပမာဏ (R1) သည် အောက်ဖော်ပြပါဇယားတွင် သတ်မှတ်ဖော်ပြထားသော အာမခံအမျိုးအစားတစ်ခုချင်းစီအတွက် ဖော်ထုတ်ထားသည့် ဆုံးရှုံးနိုင်ခြေ တစ်ခုစီ၏ ပမာဏကို သက်ဆိုင်ရာဆုံးရှုံးနိုင်ခြေညွှန်းကိန်းနှင့်မြှောက်၍ တွက်ချက်ထားသော စုစုပေါင်း ပမာဏဖြစ်သည်။

| **အာမခံအမျိုးအစား** | **ဆုံးရှုံးနိုင်ခြေ ဖော်ထုတ်မှု** | **ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်း** |
|---|---|---|
| အခြေပစ္စည်းအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၂၀% |
| မော်တော်ကားအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၁၄% |
| ပေးရန်တာဝန်ရှိမှုအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၂၂% |

| | | |
|---|---|---|
| ရေကြောင်းအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၂၄% |
| လေကြောင်းအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၂၄% |
| ကျန်းမာရေးနှင့် ဆေးကုသမှုအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၁၈% |
| ကိုယ်အင်္ဂါထိခိုက်မှု အာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၁၈% |
| ခရီးသွားအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၁၈% |
| အင်ဂျင်နီယာလုပ်ငန်း အာမခံ (CAR/EAR) | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၂၆% |
| အလုပ်သမားလျော်ကြေး အာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + | ၅၄% |

| | | |
|---|---|---|
| | အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | |
| စိုက်ပျိုးရေး၊ သီးနှံနှင့် မွေးမြူရေးအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၁၄% |
| ခိုးယူမှု/ငွေသား အာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၁၄% |
| ငွေတိုက်စာချုပ် အာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၁၄% |
| အခြားအထွေထွေအာမခံ | ပေးရန်ရှိသော လျော်ကြေးလျာထားချက် (outstanding claims provision) + အစီရင်မခံရသေးသော လျော်ကြေး ကျသင့်မှု (incurred but not reported claims) (IBNR) | ၁၄% |

၂၂။ အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူအတွက် ပရီမီယံလျာထားငွေကို အခြေခံပြီး မတည်ရင်းနှီးငွေတွင် ကျခံရမည့် အာမခံဆိုင်ရာဆုံးရှုံးနိုင်ခြေရှိမှုပမာဏ (R1) သည် အောက်ဖော်ပြပါဇယားတွင် သတ်မှတ်ဖော်ပြထားသော အာမခံအမျိုးအစား တစ်ခုချင်းစီအတွက် ဖော်ထုတ်ထားသည့် ဆုံးရှုံးနိုင်ခြေတစ်ခုစီ၏ပမာဏကို သက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေညွှန်းကိန်းနှင့်မြှောက်၍ တွက်ချက်ထားသော စုစုပေါင်း ပမာဏဖြစ်သည်။

| **အာမခံအမျိုးအစား** | **ဆုံးရှုံးနိုင်ခြေ ဖော်ထုတ်မှု** | **ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်း** |
|---|---|---|
| အခြေပစ္စည်းအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျာထားချက် (UPR) | ၁၈% |

| | | |
|---|---|---|
| မော်တော်ကားအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၁၃% |
| ပေးရန်တာဝန်ရှိမှုအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၁၈% |
| ရေကြောင်းအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၂၂% |
| လေကြောင်းအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၂၂% |
| ကျန်းမာရေးနှင့် ဆေးကုသမှုအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၁၇% |
| ကိုယ်အင်္ဂါထိခိုက်မှုအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၁၇% |
| ခရီးသွားအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၁၇% |
| အင်ဂျင်နီယာလုပ်ငန်း အာမခံ (CAR/EAR) | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၂၂% |
| အလုပ်သမားလျော်ကြေး အာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၄၉% |
| စိုက်ပျိုးရေး၊ သီးနှံနှင့် မွေးမြူရေးအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၄၉% |
| ခိုးယူမှု/ငွေကြေး အာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၄၉% |
| ငွေတိုက်စာချုပ် အာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၄၉% |
| အခြားအထွေထွေအာမခံ | ဝင်ငွေအဖြစ် မသတ်မှတ်သည့် ပရီမီယံ လျှာထားချက် (UPR) | ၄၉% |

၂၃။ အသေးစားနှင့်အသေးစားမဟုတ်သော... 

၂၃။ အသေးစားနှင့်အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်သူအတွက် မတည်ရင်းနှီးငွေတွင် ကျခံရမည့် အာမခံဆိုင်ရာဆုံးရှုံးနိုင်ခြေရှိမှုပမာဏ (R1) သည် အပိုဒ် ၁၉၊ ၂၀ နှင့် ၂၂ အရ တွက်ချက်ထားသော အသေးစား အာမခံလုပ်ငန်းလုပ်ကိုင်သူအတွက် မတည်ရင်းနှီးငွေတွင် ကျခံရမည့် အာမခံဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှု ပမာဏနှင့် အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်သူအတွက် မတည်ရင်းနှီးငွေတွင် ကျခံရမည့် အာမခံ ဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုပမာဏ စုစုပေါင်းပမာဏ ဖြစ်သည်။

၂၄။ အာမခံလုပ်ငန်းလုပ်ကိုင်သူအတွက် မတည်ရင်းနှီးငွေတွင် ကျခံရမည့် ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုပမာဏ (R2) ကို တွက်ချက်ရာတွင် $\sqrt{(M1)^2 + (M2)^2 + (M3)^2 + (M4)^2}$ ဖြင့် တွက်ချက် ရမည်။ မတည်ရင်းနှီးငွေတွင် ကျခံရမည့် ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုပမာဏတွင် ပါဝင်သည့် ညွှန်းကိန်းများအား အောက်ပါအတိုင်း သတ်မှတ်နိုင်သည်-

(က) ဆုံးရှုံးနိုင်ခြေရှိသော ရရန်ပိုင်ခွင့်တန်ဖိုး ပမာဏ (the amount of equity risk - M1) သည် လက်ကျန်ရှင်းတမ်း၏ ရရန်ပိုင်ခွင့်အပိုင်းတွင် စာရင်းတင်ထားသော အစုရှယ်ယာ တန်ဖိုးကို ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်း၏ ၂၅% ဖြင့် မြှောက်၍ ရရှိသော ပမာဏဖြစ်သည်။

(ခ) ဆုံးရှုံးနိုင်ခြေရှိသော ပစ္စည်းပမာဏ (the amount of property risk - M2) သည် လက်ကျန်ရှင်းတမ်း၏ ရရန်ပိုင်ခွင့်အပိုင်းတွင် စာရင်းတင်ထားသော ရင်းနှီးမြှုပ်နှံမှု ပစ္စည်းတန်ဖိုးကို ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်း၏ ၁၀ % ဖြင့် မြှောက်၍ ရရှိသော ပမာဏ ဖြစ်သည်။

(ဂ) ဆုံးရှုံးနိုင်ခြေရှိသော ငွေကြေး (the amount of currency risk - M3) သည် နိုင်ငံခြား ငွေကြေးဖြင့် ဘဏ်တွင် အပ်နှံထားသည့် တန်ဖိုးကို ဆုံးရှုံးနိုင်ခြေညွှန်းကိန်း၏ ၁၀% ဖြင့်မြှောက်၍ ရရှိသော ပမာဏဖြစ်သည်။

(ဃ) ဆုံးရှုံးနိုင်ခြေရှိသော အတိုးနှုန်းပမာဏ (the amount of interest rate risk - M4) သည် အောက်ပါဇယားတွင် ဖော်ပြထားသော လက်ကျန်ရှင်းတမ်း၏ ရရန်ပိုင်ခွင့်အပိုင်းတွင် ဖော်ထုတ်ထားသည့် ဆုံးရှုံးနိုင်ခြေ တစ်ခုစီ၏ ပမာဏကို သက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်းနှင့် မြှောက်၍ တွက်ချက် ထားသော စုစုပေါင်းပမာဏဖြစ်သည်။

| ဆုံးရှုံးနိုင်ခြေ ဖော်ထုတ်မှု | ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်း |
|---|---|
| ဘဏ်တွင်အပ်နှံထားသည့်ငွေသား | ၂.၅% |
| အစိုးရ နှင့် နိုင်ငံပိုင် ငွေချေးသက်သေခံလက်မှတ်များ | ၂.၅% |

| | |
|---|---|
| ကြွေးမြီငွေချေးသက်သေခံလက်မှတ်များနှင့် ပုံသေဝင်ငွေ (Debt Securities and fixed income) | ၂.၅% |
| အသက်အာမခံချေးငွေမှလွဲ၍ အခြားချေးငွေများ | ၂.၅% |

၂၅။ အာမခံလုပ်ငန်းလုပ်ကိုင်သူအတွက် မတည်ရင်းနှီးငွေတွင် ကျခံရမည့် ချေးငွေဆုံးရှုံးနိုင်ခြေရှိမှုပမာဏ (R3) သည် အောက်ပါဇယားတွင် ဖော်ပြထားသော လက်ကျန်ရှင်းတမ်း၏ ရရန်ပိုင်ခွင့်အပိုင်းတွင် ဖော်ထုတ်ထားသည့် ဆုံးရှုံးနိုင်ခြေတစ်ခုစီ၏ ပမာဏကို သက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်းနှင့် မြှောက်၍ တွက်ချက်ထားသော စုစုပေါင်းပမာဏဖြစ်သည်။

| ဆုံးရှုံးနိုင်ခြေ ဖော်ထုတ်မှု | ဆုံးရှုံးနိုင်ခြေ ညွှန်းကိန်း |
|---|---|
| အစိုးရ နှင့် နိုင်ငံပိုင် ငွေချေးသက်သေခံလက်မှတ်များ | ၀% |
| ကြွေးမြီငွေချေးသက်သေခံလက်မှတ်များနှင့် ပုံသေဝင်ငွေ (Debt Securities and fixed income) | ၅% |
| လက်အောက်ခံကုမ္ပဏီများ၊ အုပ်စုဝင်များနှင့် ဖက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု | ၂၀% |
| အာမခံချက်ရှိသော ချေးငွေများ | ၅% |
| အာမခံချက်မရှိသော ချေးငွေများ | ၅% |
| အသက်အာမခံ ချေးငွေများ | ၀% |
| ဘဏ်တွင် အပ်နှံထားသည့်ငွေသား (အစိုးရနှင့် နိုင်ငံပိုင်လုပ်ငန်းများ) | ၀% |
| ဘဏ်တွင်အပ်နှံထားသည့်ငွေသား (အခြား) | ၅% |
| ရရန်ရှိများ (ရက်ပေါင်း ၉၀ သို့မဟုတ် ရက်ပေါင်း ၉၀ ထက် မနည်း ကျော်လွန်သော) | - |
| အာမခံကိုယ်စားလှယ်များနှင့် အာမခံအကျိုးဆောင်များ | ၂၀% |
| အာမခံထားရှိသူများ (policyholders) | ၅% |
| တစ်ဆင့်အာမခံလုပ်ငန်းလုပ်ကိုင်သူများ | ၂.၅% |
| အခြားအာမခံလုပ်ငန်းလုပ်ကိုင်သူများ | ၁၀% |
| လက်အောက်ခံကုမ္ပဏီများနှင့်ပေါင်းစည်းထားသောအဖွဲ့အစည်းများ | ၃၅% |
| အခြားရရန်ရှိများ | ၁၅% |

၂၆။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ မတည်ရင်းနှီးငွေတွင် ကျခံရမည့် လုပ်ငန်းလည်ပတ်မှု ဆုံးရှုံးနိုင်ခြေ ပမာဏ (R4) အား 30% × $\sqrt{(R1)^2 + (R2)^2 + (R3)^2}$ ဖြင့် တွက်ချက်ရမည်။

**အသွင်ကူးပြောင်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ**

၂၇။ ဤညွှန်ကြားချက်သည် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ ဤညွှန်ကြားချက်အရ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ချမှတ်ထားသော အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ မတည်ငွေရင်း လုံလောက်မှုအချိုး (CAR) အကဲဖြတ်ခြင်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အကုန်တွင် အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ငွေရေးကြေးရေးအခြေအနေအပေါ်အခြေခံပြီး ဆောင်ရွက်ရန် ဖြစ်သည်။

၂၈။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၏ ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲရမည့်ကာလသည် ဘဏ္ဍာရေးနှစ်ပြောင်းလဲမှုကြောင့် တစ်နှစ်ထက်လျော့နည်းသည့် အခြေအနေ သို့မဟုတ် အခြားအကြောင်းအချက်များကြောင့် အာမခံစာရင်းဆိုင်ရာဘဏ္ဍာရေးရှင်းတမ်းအား ပြင်ဆင်ရာတွင် တွက်ချက်ရန် ခက်ခဲသည့် အပိုင်းများကို ရွေးချယ်၍ ယင်း၏ ကိန်းဂဏန်းများကို တင်ပြခြင်းမပြုဘဲ ချန်လှပ်ထားနိုင်သည်။

၂၉။ မြန်မာ့အာမခံဥပဒေအရ တည်ထောင်ထားသည့် မြန်မာ့အာမခံလုပ်ငန်းသည် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (IFRS) ကို လိုက်နာရန် အဆင်သင့်ဖြစ်သောအခါတွင် ဤညွှန်ကြားချက်နှင့် သက်ဆိုင်စေရမည်။

(မင်းထွဋ်)

ဥက္ကဋ္ဌ

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ FRD / IBRB ( ၇၈၂ / ၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ

မြန်မာ့အာမခံလုပ်ငန်း

မြန်မာနိုင်ငံအာမခံအသင်း

အာမခံကုမ္ပဏီများအားလုံး

မြန်မာနိုင်ငံဘဏ်များအသင်း

အမိန့်အရ

(ဇော်နိုင်)

အတွင်းရေးမှူး

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့